ပရည်တောင်ကျေးရွာ

မြိတ်မြို့နယ်၊ မြိတ်ခရိုင်

တနင်္သာရီတိုင်းဒေသကြီး

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၈ - ၂၀၂၂)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ပရည်တောင်ကျေးရွာ၊ မြိတ်မြို့နယ်

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြိတ်မြို့နယ်နှင့် ဦးကောင်းမြတ် - LIFT/ Technical Assistant Team တို့ ကူညီရေးဆွဲသည်)

၂၀၁၈ ခုနှစ်၊ ဩဂုတ်လ

## မာတိကာ


| စဉ် | အကြောင်းအရာ | |
|---|---|---|
| | **စကားချီး** | ၃ |
| | **ပရည်တောင်ကျေးရွာ သယ်ဇာတပြမြေပုံ၊ မြိတ်မြို့နယ်** | ၅ |
| | | |
| ၁။ | **တည်နေရာနှင့် ပထဝီဝင် အနေအထား** | ၆ |
| ၂။ | **ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ** | ၆ |
| ၃။ | **ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ** | ၆ |
| ၄။ | **စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ** | ၇ |
| | (က) သီးနှံ စိုက်ပျိုးရေး | ၇ |
| | (ခ) မွေးမြူရေးနှင့် ငါးလုပ်ငန်း | ၈ |
| | (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ | ၉ |
| | (ဃ) စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး | ၉ |
| | (င) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု | ၉ |
| ၅။ | **အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ** | ၁၀ |
| | (က) ကျေးလက် သယ်ယူပို့ဆောင်ရေး | ၁၀ |
| | (ခ) ကျေးရွာ မီးလင်းရေး | ၁၀ |
| | (ဂ) သတင်းနှင့် ဆက်သွယ်ရေး | ၁၁ |
| ၆။ | **ပညာရေး** | ၁၁ |
| ၇။ | **ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး** | ၁၂ |
| ၈။ | **ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | ၁၃ |
| ၉။ | **ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ** | ၁၃ |
| ၁၀။ | **ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ** | ၁၄ |
| | | |
| **နောက်ဆက်တွဲ** | | |
| | နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း | ၁၇ |
| | နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ | ၁၈ |
| | နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား | ၅၅ |
| | နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၁) | ၆၂ |
| | နောက်ဆက်တွဲ (၅) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၂) | ၆၄ |
| | နောက်ဆက်တွဲ (၆) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၃) | ၆၆ |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ကျွန်ုပ်တို့ကျေးရွာ၏ လူထုအများ စုပေါင်းပါဝင် ရေးဆွဲထားသည့် ၂၀၁၈/၂၀၁၉ ဘဏ္ဍာရေးနှစ်မှ ၂၀၂၂/၂၀၂၃ ခုနှစ်အထိ (၅) နှစ်ကြာ အကောင်အထည်ဖော် ဆောင်ရွက်မည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင် ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင် ပေးရုံသာမက နည်းပေးလမ်းပြ ကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနစသည့် သက်ဆိုင်ရာ ဦးစီးဌာန အသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို

ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှုအခြေပြဇယား၊ ဦးစားပေးစီမံချက် အဆိုပြုလွှာစသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။

**ဩဂုတ်လ၊ ၂၀၁၈**

**ကျေးရွာဖွံ့ဖြိုးရေးကော်မတီ**

**ပရည်တောင်ကျေးရွာ**

**မြိတ်မြို့နယ်**

# ပရည်တောင်ကျေးရွာ ကျေးရွာသယံဇာတပြမြေပုံ၊ မြိတ်မြို့နယ်



## ၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ပရည်တောင်ကျေးရွာသည် မြိတ်မြို့နယ်၊ သဘွတ်ကျေးရွာအုပ်စုတွင်ပါဝင်ပြီး မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၃၈ မိနစ် ၀၇ စက္ကန့်နှင့် အရှေ့လောင်ဂျီတွဒ် ၉၈ ဒီဂရီ ၄၄ မိနစ် ၁၉ စက္ကန့်တွင် တည်ရှိပါသည်။ ပရည်တောင်ရွာ၏ဧရိယာမှာ ၀.၃၉ စတုရန်းမိုင် ကျယ်ဝန်းပါသည်။ မြိတ်မြို့နှင့် (၁၃) မိုင် ကွာဝေးပါသည်။ အရှေ့မြောက်အရပ်တွင် သဘွတ်ကျေးရွာတည်ရှိပြီး အနောက်ဘက်အရပ်တွင် ဝန်ဖို့ကျေးရွာတို့ တည်ရှိပါသည်။

## ၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

ပရည်တောင်ကျေးရွာ၏ရာသီဥတုမှာ ပူနွေးစိုစွတ်သော ရာသီဥတုကို ပိုင်ဆိုင်ထားပါသည်။ အမြင့်ဆုံးအပူချိန်မှာ ၃၅ ဒီဂရီစင်တီဂရိတ်နှင့် အနိမ့်ဆုံးအပူချိန်မှာ ၂၃ ဒီဂရီစင်တီဂရိတ်ဖြစ်ပါသည်။ မြစ်ကမ်းနံဘေးရွာဖြစ်သောကြောင့် ပင်လယ်ငါးဖမ်းလုပ်ငန်းကို အိမ်ထောင်စုအချို့ လုပ်ကိုင်ကြပါသည်။ သဘာဝပေါက်ပင်များလည်း အသင့်အတင့် ပေါက်ရောက်မှု ရှိပါသည်။ အိမ်ခြံမြေများတွင်လည်း ရာသီအလိုက် ပန်းပင်၊ ဟင်းသီးဟင်းရွက်ပင်များကို အနည်းအကျဉ်း စိုက်ပျိုးကြပါသည်။ မြေဆီလွှာအရည်အသွေးမှာ အသင့်အတင့်ကောင်းမွန်ပါသည်။

## ၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ပရည်တောင် ကျေးရွာတွင် အိမ်ထောင်စုပေါင်း (၁၈၉) အိမ်ရှိပြီး လူဦးရေပေါင်း (၈၁၆) ဦး ရှိပါသည်။ ပရည်တောင်ကျေးရွာတွင်းရှိ အဖွဲ့အစည်းများတွင်အုပ်ချုပ်မှု စီမံကွပ်ကဲမှုအပိုင်း၌ အမျိုးသမီးပါဝင်ခြင်း မရှိပေ။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ရာတွင် အဖွဲ့အချင်းချင်းသည် စည်းလုံးစွာဖြင့် ဆောင်ရွက်ကြသော်လည်း ချိတ်ဆက်လုပ်ဆောင်နိုင်မှုအားနည်းပါသည်။ ရပ်မိရပ်ဖအဖွဲ့မှာ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့နှင့် ပူးပေါင်း၍ ကျေးရွာဖွံ့ဖြိုးရေးအတွက် ပူးပေါင်းလုပ်ဆောင် ပေးနေပါသည်။ မီးသတ်တပ်ဖွဲ့ဝင်များမှာ ကျေးရွာအုပ်စုအတွင်းရှိ လုံခြုံရေးကိစ္စများတွင် ပါဝင်ဆောင်ရွက်ပေးနေပါသည်။ ကျောင်းအကျိုးတော်ဆောင်အဖွဲ့မှာလည်း ကျောင်း၏ လိုအပ်ချက်များနှင့် ကလေးများ ပညာသင်ကြားရာတွင် အခက်အခဲ မရှိစေရန် အလေးထားဆောင် ရွက်နေပါသည်။ အိမ်ထောင်ငယ်အဖွဲ့၊ နာရေးကူညီရေးအသင်း စသည်တို့သည် ကျေးရွာ၏ သာရေး၊ နာရေးနှင့် အခြားသော ပရဟိတလုပ်ငန်းများတွင် အတူတကွ စုပေါင်းလုပ်ကိုင်နေကြပါသည်။ ယခုအခါတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးဆောင်ပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီကို ကျေးရွာသူ/သားများကိုယ်တိုင် ပူးပေါင်းပါဝင်ကာ ရွေးချယ်ဖွဲ့စည်းခဲ့ပါသည်။ ဤကော်မတီသည် ကျေးရွာဖွံ့ဖြိုး

ရေးအစီအစဉ်တွင်ပါဝင်သော ဦးစားပေးလုပ်ငန်းများအား သက်ဆိုင်ရာဦးစီးဌာနများ၊ ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ပရည်တောင်ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် နိုင်ငံတကာအဖွဲ့အစည်းဖြစ်သည့် (World Vision) လူထုအခြေပြု အဖွဲ့အစည်းတစ်ခုသာရှိပြီး ကျေးရွာ၏ ပညာရေး၊ ကျန်းမာရေးနှင့် အသက်မွေးဝမ်းကျောင်းကဏ္ဍတို့တွင် ဦးစားပေး လုပ်ဆောင်ပေးနေပါသည်။ သို့သော် ကျန်ရှိသောကဏ္ဍများအတွက် ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသည့် အခြားသော အဖွဲ့အစည်းများနှင့် ချိတ်ဆက်ရန် လိုအပ်နေပါသည်။

## ၄။ စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ

### (က) သီးနှံ စိုက်ပျိုးရေး

ပရည်တောင်ကျေးရွာတွင် စိုက်ပျိုးနိုင်သော မြေဧရိယာမှာ လယ်မြေ (၁၃၈.၅) ဧက၊ တောင်ယာမြေ (၁၁၂) ဧက၊ ဥယျာဉ်ခြံမြေ (၁၁၂.၅) ဧကနှင့် ဓနိတောမြေ (၃၁.၅) ဧက၊ စုစုပေါင်း (၃၉၆.၅) ဧက ရှိပါသည်။ ၂.၅ ဧကအောက် ဆင်းရဲ သားတောင်သူ (၂၅) အိမ်ထောင်စု၊ ၂.၅ ဧကမှ ၅ ဧကကြား တောင်သူငယ် (၁၃) အိမ်ထောင်စု၊ ၅ ဧကမှ ၁၂.၅ ဧကကြား တောင်သူလတ် (၁၉) အိမ်ထောင်စု၊ ၁၂.၅ ဧကအထက် တောင်သူကြီး (၁၅) အိမ်ထောင်စုစသည်တို့ ရှိကြပြီး အဓိကအားဖြင့် စပါး၊ ရော်ဘာနှင့် ဥယျာဉ်ခြံသီးနှံများကို အားထား စိုက်ပျိုးကြပါသည်။ မြေယာမဲ့အိမ်ထောင်စုများသည် စုစုပေါင်းအိမ်ထောင်စု၏ (၆၁.၉%) ကျော်ရှိပြီး အများစုသည် နေ့စားကျပန်းနှင့် ပြည်ပတွင် သွားရောက်လုပ်ကိုင်နေကြ ပါသည်။

ကျေးရွာ၏ စိုက်ပျိုးရေမှာ မိုးရေကိုသာ အဓိကထား စိုက်ပျိုးလုပ်ကိုင်ကြပါသည်။ ကျေးရွာအတွင်းရှိ စိုက်ပျိုးရေး လုပ်ကိုင်သည့် အိမ်ထောင်စုများတွင် တစ်ဦးချင်းပိုင် လက်တွန်းထွန်စက် (၂) စီးရှိပြီး၊ ခြွေလှေ့စက် (၃) လုံး၊ ရေစုပ်စက် (၁) လုံးနှင့် မြက်ရိတ်စက် (၅) လုံးရှိပါသည်။ ကိုယ်ပိုင်စက်ကိရိယာ မရှိသူများက ငှားရမ်းလုပ်ကိုင် ကြပါသည်။ စပါးအထွက်နှုန်းမှာ တစ်ဧက ပျမ်းမျှ (၆၀) တင်း ရှိပါသည်။ မြေဆီလွှာမကောင်းခြင်း၊ ငွေကြေးမလုံလောက်ခြင်း၊ ဓာတ်မြေဩဇာလုံလောက်စွာ မသုံးစွဲနိုင်ခြင်း၊ ကျေးရွာအတွင်း ခေတ်မီလယ်ယာသုံး စက်ကိရိယာများပိုင်ဆိုင်မှု နည်းပါးခြင်း၊ ကျေးရွာတွင် စိုက်ပျိုးရေးနည်း ပညာများ သိရှိအသုံးချမှုနည်းပါးခြင်း စသည်တို့ကြောင့် စပါးအထွက်နှုန်း နည်းပါးနေပါသည်။ ရော်ဘာဈေးကွက်သည် ယခုအချိန်တွင် ဈေးနှုန်းကျဆင်းလျက်ရှိပြီး အချို့ရော်ဘာခြံများသည် ထုတ်လုပ်မှုအား ရပ်တန့်ထားကြပါသည်။ ကွမ်းသီးထွက်ရှိသလောက် ပုံမှန်ရောင်းချနိုင်သဖြင့် ဈေးကွက်ဝင်သီးနှံအဖြစ် ရပ်တည်လျက် ရှိပါသည်။

ပရည်တောင် ကျေးရွာ၏ ရာသီဥတုမှာ မိုးများသော ဒေသဖြစ်ပါသည်။ လယ်ယာမြေ အသုံးချနိုင်မှုမှာ အသင့်အတင့် အခြေအနေတွင် ရှိပါသည်။ သီးနှံမျိုးစေ့မှာ ဒေသမျိုးတစ်ခု ကိုသာ သုံးစွဲနေသော်လည်း တောင်သူများအား မျိုးကောင်းမျိုးသန့် သုံးစွဲမှုနှင့် ပတ်သက်၍ ပညာပေးသင်တန်းများကို စိုက်ပျိုးရေးဦးစီးဌာနမှ တောင်းခံနိုင်ပြီး တောင်သူများလက်ခံ ကျင့်သုံးလာနိုင်လျှင် စပါးအထွက်နှုန်းများ တိုးတက်လာပေမည်။ မြေဆီလွှာမကောင်းခြင်း၊ စိုက်ပျိုးမြေများတွင် ဆားငန်ရေဝင်ရောက်ခြင်း၊ သီးနှံအထွက်နှုန်း နည်းပါးမှုများ ကြုံတွေ့ နေရသဖြင့် စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေး သင်တန်းများ လိုအပ်နေပါသည်။

## (ခ) မွေးမြူရေးနှင့် ငါးလုပ်ငန်း

ပရည်တောင်ကျေးရွာတွင် နွားမွေးမြူထားသည့် အိမ်ထောင်စု (၈) အိမ်ရှိပြီး နွား ကောင်ရေ (၁၁) ကောင်၊ ကျွဲမွေးမြူထားသည့် အိမ်ထောင်စု (၆) စုမှ (၂၄) ကောင်၊ အိမ် ထောင်စု (၁၈) အိမ်မှ ဝက် (၁၀၆) ကောင်၊ အိမ်ထောင်စု (၄၈) အိမ်မှ ကြက် (၃၆၁၃) ကောင်၊ အိမ်ထောင်စု (၂၀) အိမ်မှ ဘဲ (၃၆၉) ကောင် စသည်ဖြင့် စီးပွားဖြစ်မွေးမြူသည့် အိမ်ထောင်စု (၁၀) စုမှ မွေးမြူရေးကြက်နှင့် မွေးမြူရေးဝက်များကို မွေးမြူကြပြီး အများစုမှာ တစ်ပိုင် တစ်နိုင် မွေးမြူကြပါသည်။ တိရိစ္ဆာန်ရောဂါ ကျရောက်မှုရှိသည့်အတွက် မွေးမြူရေးနှင့်ကုသ ရေးဆိုင်ရာနည်းပညာ ဗဟုတအားနည်းသဖြင့် မျိုးကောင်းမျိုးသန့်များရရှိရေး၊ နည်းပညာ ဝန်ဆောင်မှုများနှင့် သင်တန်းများပံ့ပိုးပေးပါက စီးပွားဖြစ်မွေးမြူနိုင်ကြပြီး ဈေးကွက်ဝင် မည်ဖြစ်ပါသည်။ မြစ်ကမ်းနားကျေးရွာဖြစ်သောကြောင့် ကမ်းနီးငါးဖမ်းလုပ်ငန်းလုပ်ကိုင်သူ (၂၄) ဦး ရှိပါသည်။ ဖမ်းဆီးရမိသော ငါး/ပုဇွန်များကို ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင် ပြီး ငါး/ပုဇွန် ဖမ်းဆီးခွင့်လည်း အသင့်အတင့် ကောင်းမွန်ပါသည်။

ပရည်တောင်ကျေးရွာမှ မြိတ်မြို့သို့ နေ့တိုင်းသွားလာနေသည့် ကားများရှိသည့်အတွက် မွေးမြူရေးအစာ၊ ဆေးများကို အလွယ်တကူ ဝယ်ယူရရှိနိုင်သည်။ မွေးမြူရေးနှင့်ကုသရေး ဆိုင်ရာ နည်းပညာ၊ ဗဟုတအားနည်းသဖြင့် နည်းပညာဝန် ဆောင်မှုများနှင့် သင်တန်းများ ပံ့ပိုးပေးပါက စီးပွားဖြစ်မွေးမြူသူဦးရေ များလာနိုင်ပြီး ဈေးကွက်၏ လိုအပ်ချက်ကို ဖြည့် ဆည်းနိုင်ပေမည်။ ပရည်တောင်ကျေးရွာတွင် စားကျက်မြေရှားပါးသည့်အတွက် တိရစ္ဆာန်များ ကျက်စားရန် မြေလွတ်မြေလပ်မရှိခြင်း၊ ချေးငွေများ အလွယ်တကူ မရရှိသည့်အတွက် ကာလရှည်ချေးငွေများ ထုတ်ချေးပေးရန်လိုအပ်နေပြီး မွေးမြူရေးထုတ်ကုန်များကို ဈေးနှုန်း မှန်ကန်စွာဖြင့် မရောင်းချနိုင်ခြင်းများ ရှိသည့်အတွက် ဈေးကွက်မီအောင် ပြုလုပ်ပေးရန် လိုအပ်နေပါသည်။

## (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

ပရည်တောင်ကျေးရွာတွင် အခြားဝင်ငွေရ လုပ်ငန်းများအဖြစ် စက်ပြင်၊ ဈေးရောင်း၊ လက်ဖက်ရည်ဆိုင်၊ ခနိဖက်ထိုးလုပ်ငန်း၊ အစိုးရဝန်ထမ်း၊ စက်ချုပ်၊ လက်သမား၊ ပန်းရံ၊ တက္ကစီ၊ လှေငှား၊ ကုန်ထမ်းစသည်တို့ကို လုပ်ကိုင်ကြပါသည်။ ကျပန်းလုပ်သား အများစုသည် ကုန်ထမ်း၊ ပန်းရံလုပ်ငန်းဖြင့် ဝင်ငွေရရှိရန် လုပ်ကိုင်ကြပါသည်။ ဝင်ငွေရရှိရန် ပြည်ပ (ထိုင်း၊ မလေးရှား) နိုင်ငံများသို့ သွားရောက်လုပ်ကိုင်ခြင်းမဟုတ်လျှင် ဒေသအတွင်းပင် ဝန်ထမ်းလုပ်ကိုင်သူနှင့် မိဘလုပ်ငန်းများကို ဆက်လက် လုပ်ကိုင်ကြပါသည်။ ရွှေ့ပြောင်းလုပ်သားများ ရှိသည့်အတွက် လုပ်သားအင်အားရရှိနိုင်မှု နည်းပါးပါသည်။ လမ်းပန်းဆက်သွယ်ရေးမှာလည်း မြိတ်မြို့နှင့်နေ့တိုင်းသွားလာနေသည့် မော်တော်ကားရှိပါသည်။ အခြားကျေးရွာများနှင့် နှိုင်းယှဉ်လျှင် ကျေးရွာတွင် မီးတိုင်၊ မီးကြိုးများနှင့် ထရန်စဖော်မာပုံးများ ရောက်ရှိနေသော်လည်း မီးချိတ်ဆက် မသွယ်တန်းနိုင်သေးပါ။ ယခုလက်ရှိအချိန်တွင် ဒီဇယ်အင်ဂျင်ဖြင့် မီးပေးနေသည့်အတွက် ကျေးရွာတွင် မီးလင်းမှုရရှိနေပါသည်။

ပရည်တောင်ကျေးရွာတွင် နေထိုင်သူများသည် အလုပ်အကိုင် အခွင့်အလမ်းနည်းပါးသည့်အတွက် အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းများ လိုအပ်ခြင်း၊ အရင်းအနှီးငွေများ လိုအပ်ခြင်း၊ ကာလရှည်ချေးငွေလိုအပ်ခြင်းများ၊ ကျေးရွာတွင် လျှပ်စစ်မီး မရှိသည့်အတွက် လုံခြုံရေး၊ ပညာရေး၊ လူမှုရေး စသည့်ကိစ္စများတွင် အရာရာနှောင့်နှေးနေမည်ဖြစ်ပါသည်။

## (ဃ) စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး လုပ်ငန်းများမှာ ဆန်စပါး၊ ရာဘာ၊ ကွမ်းသီး၊ ခနိဖက်၊ ငပိ၊ ငါးခြောက်နှင့် ဟင်းသီးဟင်းရွက်တို့ပါဝင်ပါသည်။ မြိတ်မြို့နှင့် (၁၃) မိုင်ခန့်ကွာဝေးသည့် ကျေးရွာတစ်ရွာဖြစ်၍ ကျေးရွာထုတ်ကုန်များကို ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်ပါသည်။

## (င) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ပရည်တောင်ကျေးရွာတွင် လယ်ယာမြေလုပ်ကိုင်မှုများရှိသဖြင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးငွေများလည်းရှိပါသည်။ အဖွဲ့လိုက် ငွေစုငွေချေးအစီအစဉ်၊ ငွေချေးပေးမှုနှင့် အပေါင်ဆိုင်များမှ ချေးငွေရယူမှုများမှာ အလွန်နည်းပါးလှပါသည်။ အဓိကအားဖြင့် ဆွေးမျိုးများထံမှ ချေးယူကြပြီး ဘက်စုံလိုအပ်မှုအတွက် ချေးယူကြခြင်း ဖြစ်ပါသည်။ အတိုးနှုန်းမှာ (၁၀%) အတိုးနှုန်းဖြစ်ပြီး အပေါင်ခံပစ္စည်း အနည်းငယ်လိုအပ်ပါသည်။ ပိုင်ဆိုင်မှုမရှိလျှင် ချေးငွေရရှိရန် အခက်အခဲများ ကြုံတွေ့နေရပါသည်။ ကျေးရွာပြည်သူအများစု

သည် ချေးငွေကို အကြောင်းရင်းမျိုးစုံ (ရိက္ခာ၊ ကျန်းမာရေး၊ ပညာရေး) တို့အတွက် အထူးသဖြင့် စားနပ်ရိက္ခာအတွက် ချေးယူကြပြီး ကျေးရွာအတွင်း ချေးငွေလိုအပ်ချက် များပြားနေပါသည်။ ထို့ကြောင့် အစိုးရဘဏ်များမှ အတိုးနှုန်းသက်သာစွာဖြင့် ကာလရှည် ချေးငွေများ ထုတ်ပေးပါက မိသားစုစားဝတ်နေရေးနှင့် ကိစ္စအဝဝအတွက် မှီခိုအဆင်ပြေနိုင်ပါသည်။

## ၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

### (က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ပရည်တောင်ကျေးရွာတွင် စက်ဘီးမှာ ကျောင်းသား/သူများ သွားလာရေးအတွက် အသုံးပြု၍ မော်တော်ဆိုင်ကယ်မှာ အချို့သော သွားလာရေးကိစ္စနှင့် စီးပွားရေးကိစ္စတွင် အသုံးပြုကြပါသည်။ ဆိုင်ကယ်စီးရေမှာ (၉၁) စီး ရှိပါသည်။ သုံးဘီးဆိုင်ကယ် (၃) စီးနှင့် ကား (၇) စီးရှိပြီး ရွာ၏ကုန်းလမ်းသယ်ယူပို့ဆောင်ရေးကို အဓိက လုပ်ဆောင်ကြပါသည်။ ရေကြောင်းသယ်ယူပို့ဆောင်ရေးအတွက် မြစ်ကြောင်းနှင့် ပင်လယ်ရေကြောင်းလမ်း (၂) ခု စလုံးကို အသုံးပြုလျက်ရှိပါသည်။ ရေကြောင်းသယ်ယူပို့ဆောင်ရေးအတွက် လှေ၊ စက်လှေ၊ သမ္ဗာန်များကို အဓိကထား၍ တစ်နှစ်ပတ်လုံး အသုံးပြုကြပါသည်။

ပရည်တောင်ကျေးရွာတွင် ကျေးရွာတွင်း မြေသားလမ်းတစ်လမ်းသာ ရှိပါသည်။ မိုးရာသီတွင် ရေကြီးပြီး ဗွက်ထခြင်းများရှိသဖြင့် ပညာရေး၊ လူမှုရေး၊ ကျန်းမာရေးစသည့် ကိစ္စအဖက်ဖက်မှ သွားလာရခက်ခဲနေပါသည်။ ယခုအခါတွင် ကျေးလက်လမ်းဦးစီးဌာနမှ ကျေးရွာအဝင်လမ်းအား ကျောက်ချောလမ်း ပြုလုပ်လျက် ရှိပါသည်။ ကျေးရွာတွင် သစ်လုံးစီတံတား (၁) စင်းရှိပါသည်။ နှစ်ပေါင်းကြာမြင့်ပြီ ဖြစ်သည့်အတွက် တံတားပျက်စီးနေပြီး သွားလာရ ခက်ခဲနေသဖြင့် ပြန်လည်ပြုပြင်ခြင်း/ ကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်ခြင်း ပြုလုပ်လိုကြပါသည်။

### (ခ) ကျေးရွာ မီးလင်းရေး

ပရည်တောင်ကျေးရွာတွင် မီးသုံးစွဲမှုမှာ တစ်ပိုင်တစ်နိုင် ပုဂ္ဂလိကမီးပေးသည့် စနစ်ဖြင့် အိမ်ထောင်စုများသည် တစ်ရက်လျှင် တန်ဖိုးကျပ် (၆၀၀) နှုန်းဖြင့် ညနေ (၆) နာရီမှ ည (၁၀) နာရီအထိ ဈေးကြီးပေး၍ သုံးစွဲနေရပါသည်။ အိမ်သုံးဆိုလာ မီးဖြင့်လည်း မိမိတို့အိမ်မီးလင်းရေးအတွက် အသုံးပြုနေသည့် အိမ်ထောင်စု (၆၀) ရှိပါသည်။ မပြေလည်သည့် အိမ်ထောင်စုများမှာ ရေနံဆီမီးခွက်၊ ဖယောင်းတိုင်ဖြင့် သုံးစွဲကြပါသည်။ အားသာချက်အနေဖြင့် ပရည်တောင်ကျေးရွာအတွင်းသို့ မဟာဓာတ်အားလိုင်းမှ မီးရရှိနိုင်ရန် မီးတိုင်များနှင့် Tramsformer ပုံးများ ရောက်ရှိနေပြီ ဖြစ်ပါသည်။ လျှပ်စစ်မီးရရှိလာပါက ကျောင်းသား/

သူများ ပညာရေးတိုးတက်လာမှုနှင့် ကျေးရွာအတွင်းတွင် အသေးစားစီးပွားရေးလုပ်ငန်းများ တိုးတက်လာစေရန်အတွက် အထောက်အပံ့ဖြစ်စေ နိုင်ပါလိမ့်မည်။

## (ဂ) သတင်းနှင့် ဆက်သွယ်ရေး

ပရည်တောင်ကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ဖုန်း (၂၄၈) လုံး၊ ရေဒီယို (၁) လုံး၊ တီဗွီ (၉၄) လုံး၊ ဂြိုလ်တုစလောင်း (၈၇) လုံး စသည်တို့မှ ရရှိသော်လည်း ဖုန်းလိုင်းကောင်းမွန်စွာ မမိသောကြောင့် ဆက်သွယ်ရေးတာဝါတိုင်များ စိုက်ထူပေးရန် လိုအပ်နေပါသည်။ ဖုန်းလိုင်းများကောင်းစွာမိပါက အင်တာနက်မှတဆင့် သတင်းအချက်အလက်နှင့် နည်းပညာရရှိမှု၊ အသိပညာဗဟုသုတ ရရှိနိုင်မှုတို့အတွက် အထောက်အပံ့ ဖြစ်စေနိုင်မည်ဟု သုံးသပ်မိပါသည်။

## ၆။ ပညာရေး

ပရည်တောင်ကျေးရွာတွင် တစ်ရွာလုံးနီးပါး စာတတ်မြောက်ကြပြီး မူလတန်းအဆင့် စာတတ်မြောက်မှုသည် စုစုပေါင်းလူဦးရေ၏ (၄၁.၉) ရာခိုင်နှုန်း၊ အလယ်တန်းအဆင့်စာတတ်မြောက်မှုသည် (၃၁.၈၆) ရာခိုင်နှုန်း၊ အထက်တန်းအဆင့် စာတတ်မြောက်မှုသည် (၁၆.၃၀) ရာခိုင်နှုန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုသည် (၄.၁၇) ရာခိုင်နှုန်းရှိပါသည်။ ပရည်တောင်ကျေးရွာတွင် ယခုလက်ရှိ ပညာသင်ကြားနေသော လူဦးရေမှာ မူလတန်းအဆင့်တွင် (၆၈) ဦး၊ အလယ်တန်းအဆင့်တွင် (၅၈) ဦး၊အထက်တန်း အဆင့်တွင် (၂၈) ဦး၊ တက္ကသိုလ်အဆင့်တွင် (၂၀) ဦးဖြင့် ပညာသင်ယူ နေကြပါသည်။

မူလတန်းအဆင့် ပညာ ရေးကို ကျေးရွာအတွင်း လွယ်ကူစွာ တက်ရောက်နိုင်ပါသည်။ စားဝတ်နေရေးအဆင်မပြေသော စီးပွားရေးအခက်အခဲရှိသော အိမ်ထောင်စုရှိကလေးများမှာ မူလတန်းပညာကိုသာ သင်ယူကြရသဖြင့် မူလွန်အဆင့်ပညာရေးကို မရရှိပါ။ အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့်ရှိသည့် ကျောင်းသား/သူများသည် သဘွတ်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းတွင် သွားရောက်ပညာ သင်ကြားကြပါသည်။ အထက်တန်းအဆင့်အထိ တက်ရောက်နိုင်သော ကျောင်းသား/သူဦးရေနည်းသဖြင့် ဘွဲ့ရဦးရေမှာ နည်းပါးပါသည်။ တက္ကသိုလ်အဆင့်ရှိသည့် ကျောင်းသား/သူများသည် မြိတ်မြို့တွင်ရှိသည့် မြိတ်တက္ကသိုလ်နှင့် အသက်မွေးဝမ်းကျောင်း တက္ကသိုလ်များတွင် တက်ရောက်ကြပါသည်။

ပရည်တောင်ကျေးရွာတွင် မူလတန်းအဆင့် ပညာရေးကို သင်ယူရရှိနိုင်ပြီး လက်ရှိကျောင်းဆောင်မှာ နှစ်ထပ်သစ်သားကျောင်းဆောင် ဖြစ်ပါသည်။ ကျောင်းဆောင်အရည်အသွေးမှာ အသင့်အတင့် ကောင်းမွန်ပါသည်။ ကျောင်းသားများ စာသင်ကြားရာတွင် လုံခြုံမှုရှိစေရန်နှင့် အန္တရာယ်ကင်းရှင်းစေရန်အတွက် ကျောင်းခြံစည်းရိုးကာရံပေးရန် လိုအပ်နေ

ပါသည်။ စာသင်ကျောင်းတွင် လိုအပ်သော ပရိဘောဂပစ္စည်းများကို ဝယ်ယူဖြည့်တင်းခြင်းနှင့် ကေဂျီကျောင်း ဆောင်တစ်ဆောင် တည်ဆောက်ခြင်း၊ အားကစားဆိုင်ရာပစ္စည်းများ ဖြည့်တင်းခြင်းတို့ ပြုလုပ်လို ကြပါသည်။

ပရည်တောင်ကျေးရွာတွင် မသန်စွမ်းသူများမရှိသည့်အတွက် အစီအစဉ်များ ကြိုတင်ရေးဆွဲထားခြင်းမရှိပါ။ မူလတန်းအဆင့် ကျောင်းထွက်နှုန်း အနည်းငယ် ရှိပါသည်။ ကျောင်းအားကစားဆိုင်ရာပစ္စည်းများ လက်လှမ်းမီမှုမရှိသည့်အတွက် သက်ဆိုင်ရာဦးစီးဌာနနှင့်ချိတ်ဆက်၍ တင်ပြရန် လိုအပ်နေပါသည်။ ကျောင်းအကျိုးတော်ဆောင်အဖွဲ့မှ ကလေးများ ပညာသင်ကြားရေးအတွက် ယခုထက် ပိုမိုအားကောင်းစွာ လုပ်ဆောင်ပေးရန် လိုအပ်နေပါသည်။

## ၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

ပရည်တောင်ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ မရှိပါ။ ကျေးလက်ကျန်းမာရေး ဆရာမတစ်ဦးရှိပြီး လိုအပ်သည့် ကျန်းမာရေးဆေးဝါးကုသမှုများကို သဘွတ်ကျေးရွာကျန်းမာရေးဌာနတွင် သွားရောက်ကုသရပါသည်။ သဘွတ်ကျေးရွာအုပ်စုတွင် ကျေးလက်ဆေးပေးခန်းရှိသော်လည်း ကျေးရွာအိမ်ထောင်စုအများစုသည် ကျေးလက်ကျန်းမာရေးဌာနတွင် သွားရောက်ကုသခြင်းမရှိဘဲ သာမန်အဖျားအနည်းငယ်ရှိသူများသည် နီးစပ်ရာဆေးဆိုင်များတွင်သာ ဆေးဝယ်ယူသောက်သုံးကြပြီး ရောဂါပြင်းထန်လာမှသာ မြိတ်မြို့နယ်ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ကုသကြပါသည်။

ပရည်တောင်ကျေးရွာတွင် သွေးတိုးရောဂါနှင့် ဆီးချိုရောဂါများ အဖြစ်များပြီး သွေးလွန်တုပ်ကွေး၊ တီဘီ၊ ဝမ်းပျက်ဝမ်းလျှောနှင့် အသည်းရောဂါ (ဘီ၊ စီ) များ အနည်းအကျဉ်းဖြစ်ပွားလျက်ရှိသည့်အတွက် ကျန်းမာရေးနှင့် ပတ်သက်သော အသိပညာပေးဟောပြောပွဲများပြုလုပ်နိုင်မည်ဆိုပါက ရောဂါဖြစ်ပွားမှုများ လျှော့ချနိုင်မည် ဖြစ်ပါသည်။ ကာကွယ်ဆေးထိုးနှံမှုများ လစဉ်ပြုလုပ်လျက်ရှိသော်လည်း အာဟာရမှတ်တမ်းယူမှုနှင့် အာဟာရပညာပေးအစီအစဉ်များနှင့်ပတ်သက်၍ လစဉ်ပြုလုပ်ပေးလေ့မရှိပါ။

ပရည်တောင်ကျေးရွာတွင် တစ်ရွာလုံးအနေဖြင့် ရေတွင်း (၉) တွင်း ရှိပါသည်။ ကျေးရွာတွင် ကျေးရွာတစ်ရွာလုံးနီးပါးသုံးစွဲရသည့် စိမ့်စမ်းရေအရင်းအမြစ်မှ ရေပိုက်လိုင်းသွယ်တန်းထားရှိသော်လည်း ထိုရေပိုက်လိုင်းများသည် ပျက်စီးနေပြီး ငွေကြေးမတတ်နိုင်သည့်အတွက် ပြုပြင်နိုင်ခြင်း မရှိသေးပါ။ သန့်ရှင်းသော သောက်သုံးရေ ရရှိနိုင်ရန်အတွက် သက်ဆိုင်သည့် ဦးစီးဌာနနှင့် ဆက်သွယ်၍ ရေအရည်အသွေးများကို စမ်းသပ်စစ်ဆေးရန် လိုအပ်နေပါသည်။

ပရည်တောင်ကျေးရွာတွင် မသန့်ရှင်းသောအိမ်သာသုံးစွဲမှုမှာ (၆၈) အိမ်ထောင်စုရှိပြီး သန့်ရှင်းသော အိမ်သာသုံးစွဲမှုမှာ အိမ်ထောင်စု (၁၂၀) စု ရှိပါသည်။ ကျေးရွာသူ/သားများအတွက် ဝမ်းရောဂါနှင့် ပတ်သက်သောရောဂါများ ဖြစ်ပွားမည်ကို စိုးရိမ်ရသည့်အတွက် ကျန်းမာရေးနှင့် ပတ်သက်သော ဟောပြောပွဲများ ကြိုတင်ပြုလုပ်ပေးရန် လိုအပ်နေပါသည်။

## ၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ပရည်တောင်ကျေးရွာတွင် မိသားစုကဲ့သို့စည်းစည်းလုံးလုံးနေထိုင်ကြသဖြင့် ပြဿနာတစ်စုံတစ်ရာမရှိပါ။ ရံဖန်ရံခါ အသေးစားရန်ပွဲများမှလွဲလျှင် ကြီးကြီးမားမားမှုခင်းဖြစ်ပွားမှုမရှိပါ။ ယခုလက်ရှိအချိန်အထိ သဘာဝဘေးအန္တရာယ် ကျရောက်မှု မရှိပါ။ အကယ်၍ ဘေးအန္တရာယ်ကျရောက်မည်ဆိုပါက ကြိုတင်ကာကွယ်ရမည့် နည်းလမ်းများလည်း ထားရှိမှုမရှိပါ။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ပြုန်းတီးနေသော ဒီရေတောများကို ပြန်လည်စိုက်ပျိုးနိုင်ရန် ပညာပေးဟောပြောပွဲများပြုလုပ်ခြင်းနှင့် ဒီရေတောများကို ထိန်းသိမ်းထားရန် လိုအပ်ပါသည်။ အမှိုက်စွန့်ပစ်ရာတွင် စည်းစနစ်တကျစွာ စွန့်ပစ်ရန်အတွက် ပူးပေါင်းဆောင်ရွက်မှုများ လိုအပ်နေပါသည်။

## ၉။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

ကျား-မရေးရာကိစ္စရပ်များမှာ အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေးနှင့် အရန်မီးသတ်တပ်ဖွဲ့များတွင် အမျိုးသားများဦးဆောင်ကြပြီး အမျိုးသမီးများမှာ ကျန်းမာရေး၊ ကလေးသူငယ်ဖွံ့ဖြိုးရေးများတွင် ဦးဆောင်ကြပါသည်။ ပရဟိတနှင့် ဘာသာရေးကိစ္စများတွင် ကျား/မ ပူးပေါင်းလုပ်ဆောင်ကြပါသည်။ ကျေးရွာတွင် အမျိုးသမီးများသည် စီမံအုပ်ချုပ်မှုစနစ်တွင် မပါဝင်သော်လည်း ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသမီးများ စည်းစည်းလုံးလုံးနှင့် ပူးပေါင်းပါဝင်လျက်ရှိပါသည်။ အမျိုးသမီးရေးရာအကြမ်းဖက်မှုများအတွက် ဥပဒေနှင့် တရားမျှတမှု ဆိုင်ရာများအတွက် အသိအမြင်မရှိသဖြင့် ပညာပေးသင်တန်းများ၊ စာပေဟောပြောပွဲများ လိုအပ်နေပါသည်။

## ၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

| ကျေးရွာအုပ်စုအမည် - သဘွတ် | | | ကျေးရွာအမည် - ပရည်တောင် | မှတ်ချက် |
|---|---|---|---|---|
| စဉ် | ကဏ္ဍ | စီမံချက် ဆိုလိုရင်း | စီမံချက်နှင့်လုပ်ငန်းစဉ်များ | |
| ၁ | အုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေး | အုပ်ချုပ်ရေး နှင့် စီမံခန့်ခွဲရေး | စီမံခန့်ခွဲရေးသင်တန်း၊ ကျေးလက်လူငယ် စွမ်းဆောင်ရည်မြှင့်သင်တန်းများ ဖွင့်လှစ်ခြင်း။ | |
| ၂ | အုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေး | အုပ်ချုပ်ရေး နှင့် စီမံခန့်ခွဲရေး | ခေါင်းဆောင်မှုဆိုင်ရာသင်တန်းများ ဖွင့်လှစ်ခြင်း။ | |
| ၃ | စိုက်ပျိုးရေး | နည်းပညာ | မျိုးကောင်းမျိုးသန့်ထုတ်လုပ်နည်း သင်တန်းများ ဆောင်ရွက်ခြင်း။ | |
| ၄ | စိုက်ပျိုးရေး | နည်းပညာ | မြေဆီလွှာ ပြုပြင်ထိန်းသိမ်းနည်း သင်တန်းများ စီစဉ်ခြင်း။ | |
| ၅ | စိုက်ပျိုးရေး | နည်းပညာ | ပိုးမွှား၊ ရောဂါ ကာကွယ်နှိမ်နှင်းရေး နည်းပညာသင်တန်း/ ဟောပြောပွဲများ စီစဉ်ဆောင်ရွက် ခြင်း။ | |
| ၆ | စိုက်ပျိုးရေး | မြေယာ/ရေ | တာမြင့်တာတောက် ပြုလုပ်ခြင်း။ | |
| ၇ | စိုက်ပျိုးရေး | မြေယာ/ရေ | ဈေးကွက်ဆန်းစစ်ခြင်းနှင့် လိုအပ်ချက်အတိုင်း ထုတ်လုပ်ခြင်း။ | |
| ၈ | စိုက်ပျိုးရေး | ဈေးကွက် | စိုက်ပျိုးရေးလုပ်ငန်းကို စီးပွားရေးအမြင်ဖြင့် လုပ်ဆောင်နိုင်ရန် စီးပွားရေးအမြင်ဖွင့် သင်တန်း များ ပြုလုပ်ခြင်း။ | |
| ၉ | မွေးမြူရေးနှင့်ငါးလုပ်ငန်း_ မွေးမြူရေးဆေးပညာ | တိရိစ္ဆာန် မွေးမြူရေး | မြို့နယ် မွေး/ကုဌာနနှင့် စီးပွားဖြစ်မွေးမြူနည်းပညာ သင်တန်းများနှင့် ဝန်ဆောင်မှုများ ရရှိရန် ချိတ်ဆက်ခြင်း။ | |
| ၁၀ | မွေးမြူရေးနှင့်ငါးလုပ်ငန်း_ မွေးမြူရေးဆေးပညာ | တိရိစ္ဆာန် မွေးမြူရေး | မွေးမြူရေးဈေးကွက် ဆန်းစစ်ခြင်းနှင့် ထုတ်ကုန်ဈေးကွက်ကောင်း ရရှိရန် ချိတ်ဆက်ခြင်း။ | |
| ၁၁ | ထုတ်ကုန်လုပ်ငန်းနှင့်အသေး စား_အလတ်စားစီးပွားရေး လုပ်ငန်းများဆိုင်ရာ | ထုတ်ကုန်လုပ်ငန်းများ၊ SMLE | အသေးစား/အလတ်စား စီးပွားရေးကျွမ်းကျင်မှု သင်တန်းများ စီစဉ်ခြင်း။ | |
| ၁၂ | ထုတ်ကုန်လုပ်ငန်းနှင့်အသေး စား_အလတ်စားစီးပွားရေး | ထုတ်ကုန်လုပ်ငန်းများ၊ SMLE | စိတ်ပါဝင်စားသော မိသားစုများအတွက် ဒေသနှင့်သင့်လျော်သော အသက်မွေး ဝမ်းကျောင်း နည်းပညာသင်တန်းများ စီစဉ်ခြင်း (ကွန်ပျူတာ၊ ဘာသာစကား၊ | |

| ကျေးရွာအုပ်စုအမည် - သဘွတ် | | | ကျေးရွာအမည် - ပရည်တောင် | မှတ်ချက် |
|---|---|---|---|---|
| စဉ် | ကဏ္ဍ | စီမံချက် ဆိုလိုရင်း | စီမံချက်နှင့်လုပ်ငန်းစဉ်များ | |
| | လုပ်ငန်းများဆိုင်ရာ | | စက်ချုပ်၊ မုန့် မျိုးစုံ၊ စက်ပြင်၊ ဆိုင်ကယ်ပြင်၊ ဖုန်းပြင်) | |
| ၁၃ | ထုတ်ကုန်လုပ်ငန်းနှင့်အသေးစား_အလတ်စားစီးပွားရေးလုပ်ငန်းများဆိုင်ရာ | ထုတ်ကုန်လုပ်ငန်းများ၊ SMLE | ထုတ်ကုန်များအတွက် စုပေါင်းဈေးကွက် ရှာဖွေခြင်း။ | |
| ၁၄ | ငွေကြေး | အသေးစား | အသေးစား/အလတ်စား ဖွံ့ဖြိုးတိုးတက်လာစေရန် ချေးငွေရရှိနိုင်မည့် လိုအပ်ချက်များ ပြင်ဆင်ခြင်း။ | |
| ၁၅ | ငွေကြေး | အသေးစား | အသက်မွေးဝမ်းကျောင်း လုပ်ငန်းပေါ်မူတည်၍ အတိုးနှုန်းနည်းပြီး ကာလရှည် ထုတ်ချေးပေး နိုင်မည့် ချေးငွေနေရာများနှင့် ချိတ်ဆက်ခြင်း။ | |
| ၁၆ | ငွေကြေး | အသေးစား | ငွေစုငွေချေးအသင်းအဖွဲ့များ ဖွဲ့စည်း၍ ငွေထုတ်ချေးခြင်း။ | |
| ၁၇ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ | (၂) ခန်းတွဲ ဝန်ထမ်းအိမ်ယာ ဆောက်လုပ်ခြင်း။ | |
| ၁၈ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ | စာသင်ကျောင်းတွင် လိုအပ်သော ပရိဘောဂပစ္စည်း ပြည့်ဝစွာရရှိအောင် ဆောင်ရွက်ခြင်း။ | |
| ၁၉ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ | အားကစားပစ္စည်းများ ဖြည့်တင်းခြင်း။ | |
| ၂၀ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ | ကေဂျီ ကျောင်းဆောင်တည်ဆောက်ခြင်း (၂၀' x ၄၀' x ၁၂') | |
| ၂၁ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ | ကျောင်းခြံစည်းရိုး ကာရန်ခြင်း (.....) ပေ။ | |
| ၂၂ | ကျန်းမာရေး | ကျန်းမာရေးပညာပေး၊ ကျောင်းကျန်းမာရေး | ရာသီအလိုက်ကျန်းမာရေးအသိပညာပေး ဟောပြောပွဲများ စီစဉ်ခြင်း။ | |
| ၂၃ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | ကျေးရွာတွင်းလမ်း (၂၄၀၀'x ၁၂'x ၆") အား ကွန်ကရစ်လမ်းအဖြစ် | |

| ကျေးရွာအုပ်စုအမည် - သဘွတ် | | | ကျေးရွာအမည် - ပရည်တောင် | မှတ်ချက် |
|---|---|---|---|---|
| စဉ် | ကဏ္ဍ | စီမံချက် ဆိုလိုရင်း | စီမံချက်နှင့်လုပ်ငန်းစဉ်များ | |
| | | | အဆင့်မြှင့်ခြင်း။ | |
| ၂၄ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | လမ်းအားကျောက်ဘောင်စီခြင်းလုပ်ငန်း ဆောင်ရွက်ရန် (၁၅၀၀) ပေ။ | |
| ၂၅ | အခြေခံအဆောက်အဦ | အမှိုက် စီမံခန့်ခွဲမှု | အမှိုက်များ စည်းစနစ်တကျစွာ စွန့်ပစ်ရန်အတွက် ပူးပေါင်းဆောင်ရွက်ခြင်း။ | |
| ၂၇ | အခြေခံအဆောက်အဦ | သတင်းနှင့် ဆက်သွယ်ရေး | တာဝါတိုင်တစ်တိုင် စိုက်ထူရန် ချိတ်ဆက်ခြင်း။ | |
| ၂၈ | အခြေခံအဆောက်အဦ | သောက်သုံးရေ | ရေစုကန်တည်ဆောက်ပြီး ရေပိုက်သွယ်တန်းခြင်း (၉၄၀၀')။ | |
| ၂၉ | လျှပ်စစ် | မဟာဓာတ်အားလိုင်း | (၂၄) နာရီ လျှပ်စစ်မီးရရှိရေးအတွက် မဟာဓာတ်အားလိုင်း ချိတ်ဆက်ရရှိအောင် တင်ပြ တောင်းခံခြင်း။ | |
| ၃၀ | လူငယ်နှင့်အားကစား | လူငယ့်အခွင့်အလမ်း | လက်ရှိလူငယ်အဖွဲ့အား စွမ်းဆောင်ရည်မြင့်တင်ရေး သင်တန်းများ ပြုလုပ်ခြင်း။ | |
| ၃၁ | လူငယ်နှင့်အားကစား | လူငယ့်အခွင့်အလမ်း | အား/ကာဦးစီးဌာနနှင့် ချိတ်ဆက်၍ လူငယ်များအတွက် အားကစားပစ္စည်းများ ဖြည့်တင်း ခြင်း။ | |
| ၃၂ | လူငယ်နှင့်အားကစား | အားကစား | စာပေဟောပြောပွဲများ ကျင်းပပေးခြင်း။ | |
| ၃၃ | လူငယ်နှင့်အားကစား | လူငယ့်အခွင့်အလမ်း | မူးယစ်ဆေးဝါးနှင့် ပတ်သက်သည့် ဟောပြောပွဲများ ပြုလုပ်ခြင်း။ | |
| ၃၄ | လူငယ်နှင့်အားကစား | အမျိုးသမီး | အမျိုးသမီးများအား တရားဥပဒေဆိုင်ရာ အသိပညာပေး ဟောပြောပွဲများ စီစဉ်ခြင်း။ | |
| ၃၅ | သယံဇာတနှင့်သဘာဝ ဝန်းကျင် | သဘာဝဘေး လျော့ချရေး | သဘာဝဘေးအန္တရာယ် လျော့ချရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲများ ပြုလုပ်ရန် သက်ဆိုင်ရာ ဌာန/အဖွဲ့အစည်းများအား ချိတ်ဆက်ခြင်း။ | |
| ၃၆ | သယံဇာတနှင့်သဘာဝ ဝန်းကျင် | သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး | ဒီရေတောများကို ပြန်လည်စိုက်ပျိုးရန် ပညာပေးဟောပြောပွဲများ ပြုလုပ်ခြင်း။ | |
| ၃၇ | | | | |
| ၃၈ | | | | |
| ၃၉ | | | | |

## ပရည်တောင်ကျေးရွာ၊ သဘွတ်ကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးအောင်ဝင်း | ဦးဘုတ် | ၆/မအရ (နိုင်) ဝ၆၅၇ဝဝ | ၅၆ | ဥက္ကဋ္ဌ | ဝ၉၂၅၁၁၄၄၉၆၆ |
| ၂ | ဦးလှမြင့် | ဦးသက်ကြည် | ၆/မမန (နိုင်)၁၃၃ဝ၆၁ | ၄၇ | အတွင်းရေးမှူး | ဝ၉၄ဝ၁၁ဝ၂၃၈၃ |
| ၃ | ဦးမျိုးဝင်း | ဦးကြည်တင် | MGTE-ဝ၃၉၃၄၉ | ၅၂ | ဘဏ္ဍာရေးမှူး | ဝ၉၄၄၂၅၅၇၄၆၂ |
| ၄ | ဦးမျိုးသန့် | ဦးကြယ်တင် | ၆/မအရ (နိုင်) ၁ဝ၇၁၃၃ | ၃၉ | စာရင်းကိုင် | ဝ၉၂၆ဝ၉ဝ၇၄၃ |
| ၅ | ဒေါ်လှဝင်း | ဦးဖေ | ၆/မအရ (နိုင်) ဝ၉၇၈၁၆ | ၄၃ | စာရင်းစစ် | - |
| ၆ | ဦးအောင်မြင့်ဦး | ဦးရဲကြည် | ၆/မအရ (နိုင်) ၁ဝ၇ဝ၆ဝ | ၄၅ | အဖွဲ့ဝင် | |
| ၇ | ဒေါ်တင်ထွေး | ဦးစိန်ညို | ၆/မမန (နိုင်) ၁၃၈၃၄၂ | ၄၉ | အဖွဲ့ဝင် | |
| ၈ | ဒေါ်ရီမာချို | ဦးလှညွန့် | ၆/မမန (နိုင်) ၁၃၂၇၇၇ | ၃၅ | အဖွဲ့ဝင် | |
| ၉ | ဒေါ်မော်မော်အောင် | ဦးရွှေကို | ၆/မအရ (နိုင်) ၁ဝ၇၁၅၂ | ၃၆ | အဖွဲ့ဝင် | |
| ၁ဝ | | | | | | |
| ၁၁ | | | | | | |
| ၁၂ | | | | | | |
| ၁၃ | | | | | | |
| ၁၄ | | | | | | |
| ၁၅ | | | | | | |

## ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

### (၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ

### (က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၃ | ၈ | ၁၁ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅နှစ်အောက်ကလေးငယ် | ၂၀ | ၁၅ | ၃၅ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၂၈ | ၃၂ | ၆၀ |
| ၁၀ နှစ်မှ ၁၄ နှစ်အထိ | အလယ်တန်းကျောင်းသားအရွယ် | ၄၃ | ၃၅ | ၇၈ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၂၈၇ | ၃၀၂ | ၅၈၉ |
| ၆၅ နှစ်အထက် | သက်ကြီးရွယ်ကြီး | ၁၅ | ၂၈ | ၄၃ |
| စုစုပေါင်း | | ၃၉၆ | ၄၂၀ | ၈၁၆ |
| စုစုပေါင်း အိမ်ထောင်စု | | ၁၈၉ | | |

ရင်းမြစ်…(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊(၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ (၃) ဆယ်အိမ်စုဆွေးနွေးပွဲ။

**လေ့လာတွေ့ရှိချက်။** ။ ပရည်တောင် ကျေးရွာတွင် အိမ်ထောင်စုပေါင်း (၁၈၉) အိမ်ရှိပြီး လူဦးရေပေါင်း (၈၁၆) ဦး ရှိပါသည်။ ကျေးရွာတွင် အလုပ်မလုပ်နိုင်သည့် တစ်နှစ်အောက်နို့စို့အရွယ် (၁.၃၅%)၊ ၅ နှစ်အောက်ကလေးအရွယ် (၄.၂၉%)၊ မူလတန်းကျောင်းသားအရွယ် (၇.၃၅%)၊ အလယ်တန်းကျောင်းသားအရွယ် (၉.၅၆%)၊ သက်ကြီးရွယ်ကြီးအရွယ် (၅.၂၇%) ရှိပါသည်။ ပျမ်းမျှအနေဖြင့် အလုပ်မလုပ်နိုင်သည့် လူဦးရေသည် တစ်ရွာလုံးရှိ လူဦးရေ၏ (၂၇.၈၂%) နှင့် အလုပ်လုပ်နိုင်သည့် အရွယ် ကျား (၂၈၇) ဦး၊ မ (၃၀၂) ဦး စုစုပေါင်း (၅၈၉) ဦး ရှိပြီး တစ်ရွာလုံးလူဦးရေ၏ (၇၂.၁၂%) ရှိပါသည်။ ပျမ်းမျှ တစ်အိမ်ထောင်လျှင် (၄.၃၁) ဦးနှုန်း ရှိသောကြောင့် ကျေးလက်အိမ်ထောင်စု၏ အမျိုးသားအဆင့် ပျမ်းမျှတစ်အိမ်ထောင်လျှင် (၅) ဦးနှုန်းထက် လျော့နည်းနေပါသည်။ ကျေးရွာအတွင်း အလုပ်လုပ်နိုင်သော လူဦးရေများပြားမှုကြောင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လူသားအရင်းအမြစ်ကောင်းများအဖြစ် ထောက်ပံ့မှုပေးနိုင်ပါသည်။

### (ခ) အလုပ်လုပ်နိုင်သူ အင်အား

### (ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစု ဝင်လုပ်အား | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | |
| ၁ | လယ်ယာစိုက်ပျိုးရေး | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစု ဝင် လုပ်အား | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂၂ | ၂၈ | ၀ | မြင့်☐လတ်☑နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၄ | ၄ | ၀ | မြင့်☐လတ်☑နိမ့်☐ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၉ | ၂၀ | ၀ | မြင့်☐လတ်☐နိမ့်☑ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့်☐လတ်☐နိမ့်☑ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂၄ | ၂၄ | ၀ | မြင့်☐လတ်☐နိမ့်☑ |
| | အလုပ်သမား / ဝန်ထမ်း | ၅ | ၆ | ၀ | မြင့်☐လတ်☐နိမ့်☑ |
| ၄ | **သစ်တောလုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့်☐လတ်☐နိမ့်☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့်☐လတ်☐နိမ့်☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၅ | ၀ | ၀ | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့်☐လတ်☐နိမ့်☐ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့်☐လတ်☐နိမ့်☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၁ | ၀ | မြင့်☐လတ်☐နိမ့်☑ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့်☐လတ်☐နိမ့်☑ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့်☐လတ်☐နိမ့်☐ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၁ | ၃ | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့်☐လတ်☐နိမ့်☐ |
| ၁၁ | **လက်လီ-လက်ကား ရောင်းဝယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၄ | ၇ | ၀ | မြင့်☐လတ်☐နိမ့်☑ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့်☐လတ်☐နိမ့်☑ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၂ | ၀ | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့်☐လတ်☐နိမ့်☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစု ဝင်လုပ်အား | | |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့်☐လတ်☐နိမ့်☐ |
| ၁၄ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့်☐လတ်☐နိမ့်☐ |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့်☐လတ်☐နိမ့်☐ |
| ၁၆ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့်☐လတ်☐နိမ့်☐ |
| ၁၇ | **ပညာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့်☐လတ်☐နိမ့်☑ |
| | အလုပ်သမား / ဝန်ထမ်း | ၁ | ၂ | ၁၂ | မြင့်☐လတ်☐နိမ့်☑ |
| ၁၈ | **ကျန်းမာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၁ | မြင့်☐လတ်☐နိမ့်☐ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့်☐လတ်☐နိမ့်☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | ၁၀၂ | ၂၁၆ | ၀ | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | **စုစုပေါင်း** | **၁၈၉** | **၃၁၁** | **၁၆** | ☒ |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**မှတ်ချက်။** ။ **"အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူများ"**အရေအတွက်တွင် **"မိသားစုဝင်လုပ်အား"** ထပ်မံ ထည့်သွင်းကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများ အတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကို ဆိုလိုပါသည်။ ဥပမာ -**"စိုက်ပျိုးရေး"** ကဏ္ဍ၏

**“ကိုယ်ပိုင်လုပ်ငန်း”**တွင်ရပ်တည်နိုင်မှု **“မြင့်”** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခုလုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။** ။ ပရည်တောင်ကျေးရွာ၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် လုပ်ကိုင်သည့် အိမ်ထောင်စု (၂၆) အိမ်ရှိပြီး၊ တိရိစ္ဆာန်မွေးမြူသည့် အိမ်ထောင်စုများတွင် (၁၀) အိမ်မှာ စီးပွားဖြစ်မွေးမြူရေးလုပ်ကိုင်ကြပါသည်။ ငါး၊ ပုဇွန် ဖမ်းဆီးခြင်းကို အဓိကထားလုပ်ကိုင်နေသည့် အိမ်ထောင်စု (၂၄) အိမ်ရှိပါသည်။ ခရီဖက်ထုတ်ကုန်လုပ်ငန်း လုပ်ကိုင်နေသည့် အိမ်ထောင်စု (၅) စု ရှိပါသည်။ လက်သမားအလုပ်ဖြင့် အိမ်ထောင်စုတစ်စု လုပ်ကိုင်ကြပါသည်။ လက်လီလက်ကား ရောင်းဝယ်ရေးလုပ်ကိုင်သည့် အိမ်ထောင်စု (၄) အိမ်ရှိပါသည်။ ပညာရေးဝန်ထမ်းလုပ်ငန်းကို အဓိကထား လုပ်ကိုင်သည့် အိမ်ထောင်စုတစ်စုရှိပြီး ကျေးရွာတွင် ကျောင်းဆရာ/ဆရာမ စုစုပေါင်း (၁၄) ဦး ရှိပါသည်။ ကျန်ရှိသော အိမ်ထောင်စုများ၏ အလုပ်လုပ်နိုင်သော မိသားစုဝင်များမှာ ကျပန်းလုပ်ငန်းများနှင့် ပြည်ပနိုင်ငံများတွင် လုပ်ကိုင်ကြခြင်းဖြင့် အသက်မွေးလုပ်ကိုင် ကြပါသည်။

## (ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၇,၀၀၀ | ၅,၀၀၀ | ၆,၀၀၀ | ၄,၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | - | - | - | - |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း) | နေ့စား | - | - | - | - |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | - | - | - | - |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | - | - | - | - |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၁၀,၀၀၀ | ၅,၀၀၀ | ၇,၀၀၀ | ၅,၀၀၀ |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | - | - | - | - |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | - | - | - | - |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | နေ့စား | - | - | - | - |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း | နေ့စား | - | - | - | - |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

**မှတ်ချက်** (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် အများဆုံးလုပ်ငန်းအဖြစ် လယ်ယာစိုက်ပျိုးရေး (လယ်)

လုပ်ငန်းတွင် နေ့စားပုတ်ပြတ် အလုပ်လုပ်သူများမှာ တစ်နေ့တွင် အမျိုးသား (၇,၀၀၀ မှ ၄,၀၀၀) ကျပ်၊ အမျိုးသမီး (၆,၀၀၀ မှ ၄,၀၀၀) ကျပ် ရရှိပါသည်။ လက်သမားလုပ်ကိုင်သူများတွင် အမျိုးသား (၁၀,၀၀၀) ကျပ်၊ အမျိုးသမီး (၇,၀၀၀) ကျပ်ခန့် ရရှိပါသည်။ ကျေးရွာတွင် နေ့စား အလုပ်လုပ်သူနှင့် ကျပန်းလုပ်ငန်းလုပ်ကိုင်သူများရှိသည့်အတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရန်လိုအပ်လျက်ရှိပြီး အမျိုးသားများနှင့် အမျိုးသမီးများ၏ လုပ်အားခသည် တန်းတူမရသည့် အတွက် အမျိုးသမီးဦးစီးသည့် မိသားစုများသည် စားဝတ်နေရေးမဖူလုံမှုများ ရှိနေပါသည်။

## (ဂ) သဘာဝရင်းမြစ်များ

### (ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး(မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| လယ်မြေ | ၁၃၈.၅ | ကောင်း ☐ သင့်☐ ညံ့ ☑ |
| ယာမြေ / တောင်ယာမြေ | ၁၁၂ | ကောင်း ☐ သင့်☐ ညံ့ ☑ |
| ဥယျာဉ်ခြံမြေ | ၁၁၂.၅ | ကောင်း ☐ သင့်☐ ညံ့ ☑ |
| ကိုင်း/ကျွန်းမြေ | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ဓနိတောမြေ | ၃၁.၅ | ကောင်း ☐ သင့်☑ ညံ့ ☐ |
| စားကျက်မြေ | - | ကောင်း ☐ သင့်☐ ညံ့ ☑ |
| မြေလွတ် မြေလပ် | ၂ | ကောင်း ☐ သင့်☐ ညံ့ ☑ |
| **စုစုပေါင်း** | **၃၉၆.၅** | ☒ |

ရင်းမြစ် …(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**မှတ်ချက်။** ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်း အမျိုးမျိုးကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေး လုပ်ကိုင်နိုင်သည့် မြေနှင့်နိုင်ငံတော်က သီးသန့်လျာထား သတ်မှတ်သည့်မြေများကို ဆိုသည်။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် စိုက်ပျိုးမြေအများစုမှာ လယ်ယာစိုက်ပျိုးကြပြီး မြေဆီလွှာ အရည်အသွေးသည် ညံ့သော အခြေအနေတွင်ရှိပါသည်။ ကွမ်းသီးနှင့် ရာသီစာသီးနှံ (ဆောင်းသီးနှံ) များကိုလည်း တစ်ပိုင်တစ်နိုင် စိုက်ပျိုးကြပါသည်။ လယ်ယာမြေများတွင် ဆားငန်ရေဝင်ရောက်မှု ရှိသဖြင့် တာမြင့်တာထောက် ပြုလုပ်ခြင်း၊ ရာသီအလိုက် ပိုးမွှားရောဂါကျရောက်ခြင်းများ ရှိသည့် အတွက် နည်းပညာပေးသင်တန်းများ ပို့ချပေးခြင်း စသည်တို့ ပြုလုပ်ရန် လိုအပ်နေပါသည်။

### (ဂ-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

| အမျိုးအစား | ကျေးရွာနှင့် အနီးပတ်ဝန်း ကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ | များ☐ သင့်☐ နည်း☐ မရှိ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ |

| အမျိုးအစား | ကျေးရွာနှင့် အနီးပတ်ဝန်း ကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ကျောက်မျက် စသည်။) | | |
| ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ | များ☐ သင့်☐ နည်း☐ မရှိ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ |
| သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ☐ သင့်☐ နည်း☑ မရှိ☐ | လွယ် ☐ ခက်☑ အသုံးမပြုနိုင်ပါ ☐ |
| သဘာဝ တိရစ္ဆာန်မျိုးစိတ်များ | များ☐ သင့်☐ နည်း☑ မရှိ☐ | ☒ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ။ ပရည်တောင်ကျေးရွာတွင် သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများနှင့် ကျောက်၊ သဲ၊ ကျောက်စရစ်၊ ထွက်ရှိခြင်းမရှိသည့်အတွက် အခြားကျေးရွာများမှ ဝယ်ယူနေရပြီး သဘာဝ အပင်မျိုးစိတ်များ၊ ဘဘာဝ တိရိစ္ဆာန်မျိုးစိတ်များ အနည်းငယ် တွေ့ရှိရပါသည်။

## (ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည် သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | အလွန်နည်း (သို့) မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့် ကောင်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေး လုပ်ငန်း | စီးပွား (ဝင်ငွေ) အလွန်ကောင်း | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) အလွန်နည်း |
| **အိမ်ထောင်စု** | **၁၀** | **၄၀** | **၇၀** | **၆၉** |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက်။** ။ ပရည်တောင်ကျေးရွာတွင် ကျေးရွာအိမ်ထောင်စု၏ (၅.၂၉%) သည် အဆင်ပြေသော အိမ်ထောင်စုများဖြစ်ကြပြီး၊ အလယ်အလတ်ရှိသော အိမ်ထောင်စုမှာ (၂၁.၁၆%) ရှိသဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ရာတွင် ငွေကြေး (သို့) ပစ္စည်းစသည်ဖြင့် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်ပါလိမ့်မည်။ မပြေလည်သောအိမ်ထောင်စုများနှင့် အလွန်မပြေလည်သော အိမ်ထောင်စုများမှာ (၇၃.၅၅%) ရှိသည့်အတွက် ကျေးရွာတွင် ဆင်းရဲသော အိမ်ထောင်အများစုမှာ မိသားစု စားဝတ်နေရေးအတွက် အခက်အခဲများ ရှိနေပါသည်။

## (င) ထိခိုက်လွယ်မှု

### (င-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ဈေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာခေနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|
| ၃ လအောက် ဝမ်းစာဖူလုံမှု | - | အခြားအစာပြောင်းလဲစား= ______<br>အစာလျှော့စား = ______<br>အထောက်အပံ့ယူ = ______<br>ချေးယူ = ______<br>လုပ်အားခကြိုယူ = ______ |
| ၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု | - | အခြားအစာပြောင်းလဲစား= ______<br>အစာလျှော့စား = ______<br>အထောက်အပံ့ယူ = ______<br>ချေးယူ = ______<br>လုပ်အားခကြိုယူ = ______ |
| ၆လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု | - | အခြားအစာပြောင်းလဲစား= ______<br>အစာလျှော့စား = ______<br>အထောက်အပံ့ယူ = ______<br>ချေးယူ = ______<br>လုပ်အားခကြိုယူ = ______ |

ရင်းမြစ်..ဥစ္စာခေနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအား စစ်တမ်းကောက်ယူခြင်း။

**လေ့လာတွေ့ရှိချက်။** ။.........................................................................

.........................................................................................

.........................................................................................

.........................................................................................

.........................................................................................

### (င-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက် | - | - | - |
| မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | - | - | - |
| | **အိမ်ထောင်စု အရေအတွက်** | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု | ၃ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု | ၁ | | |
| အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | ၉ | | |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ပရည်တောင်ကျေးရွာတွင် မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အိုနှင့် မသန်စွမ်းသည့် ပုဂ္ဂိုလ်များမရှိပါ။ အမျိုးသမီး ဦးဆောင်သည့်အိမ်ထောင်စု (၃) စု၊ ဆင်းရဲ၍ မိသားစုဦးရေများသည့် မုဆိုးဖို/တစ်ခုလပ် ဦးဆောင်သည့် အိမ်ထောင်စု (၁) စုနှင့် အခြားဒေသသို့ အချိန်ကြာမြင့်စွာ သွားရောက်လုပ်ကိုင်သည့် ဆင်းရဲသည့် အိမ်ထောင်စု (၉) စုရှိပါသည်။

## (၄-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၃ | ရေကြီးခြင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၄ | မိုးခေါင်ခြင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၅ | အအေးလွန်ကဲခြင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၆ | မုန်တိုင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၇ | ငလျင် | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၈ | မီးဘေး | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၉ | ဆားငန်ရေဝင်မြေ | မြင့် ☐ လတ် ☑ နိမ့်☐ မရှိ ☐ |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | မြင့် ☐ လတ် ☑ နိမ့်☐ မရှိ ☐ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် ☐ လတ် ☑ နိမ့်☐ မရှိ ☐ |
| ၁၂ | ငှက်ဖျားရောဂါ | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၁၃ | တီဘီရောဂါ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | မြင့် ☐ လတ် ☑ နိမ့်☐ မရှိ ☐ |
| ၁၇ | လူကုန်ကူးခြင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည် | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ပရည်တောင်ကျေးရွာသည် သဘာဝအရင်းအမြစ် ထွက်ရှိမှု ရှားပါးသည့် ကျေးရွာ ဖြစ်ပါသည်။ စိုက်ပျိုးမြေ တိုးချဲ့နိုင်ခြင်းမရှိပါ။ မိုးခေါင်ခြင်း၊ အအေးလွန်ကဲခြင်း၊ မုန်တိုင်းကျရောက်ခြင်း၊ ငလျင်လှုပ်ခြင်း၊ မြေပြိုခြင်းများမရှိပါ။ ရံဖန်ရံခါ ဒီရေတက်၍ စိုက်ပျိုး မြေများတွင် ဆားငန်ရေ ဝင်ရောက်မှုရှိပါသည်။ တီဘီရောဂါနှင့် ကိုယ်ခံအားကျ ဆင်းမှုရောဂါများ ဖြစ်ပွားခြင်းမရှိပါ။ ငှက်ဖျားရောဂါ ဖြစ်ပွားမှု အနည်းငယ် ရှိပါသည်။ ထို့ကြောင့် ကျန်းမာရေးနှင့် သက်ဆိုင်သည့် ဟောပြောပွဲများ ပြုလုပ်ပေးရန် လိုအပ်နေပါသည်။ တိရိစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု မြင့်မားသည့်အတွက် မွေး/ကုဦးစီးဌာနမှ ဆရာဝန်များနှင့် ချိတ်ဆက်ရမည့် နည်း ပညာနှင့် သင်တန်းများ လိုအပ်လျက်ရှိပြီး ကျေးရွာတွင်းရှိလမ်းသည် မိုးရာသီတွင် သွားလာရခက်ခဲသည့်အတွက် ကျန်းမာရေး၊ ပညာရေးအတွက် နှောင့်နှေးကြန့်ကြာ နေရပါသည်။

## (င-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁ | လူငယ် | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | မြင့် ☐ လတ် ☑ နိမ့် ☐ မရှိ ☐ |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၅ | မြစ်ကမ်းဘေး နေထိုင်သူများ | မြင့် ☐ လတ် ☑ နိမ့် ☐ မရှိ ☐ |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP) | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၈ | မြေနိမ့်ပိုင်း နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၉ | ငါးကန်ပိုင်ရှင်များ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်းများ | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၁၁ | လူနည်းစုလူမျိုးများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၂ | ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၄ | ရွှေတွင်းလုပ်သားများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၅ | ဆေးစွဲသူများ | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၇ | လှည့်လည်သွားလာ၍ ဈေးရောင်းသူများ | မြင့် ☐ လတ် ☑ နိမ့် ☐ မရှိ ☐ |
| ၁၈ | နေရပ်ပြန် အခြေချသူများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၉ | ရွှေ့ပြောင်းလုပ်သားများ | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
